# ဒါလက်ရာ



၁။
ကလေးလေးတွေ လက်ထဲက
လွှတ်သွားတဲ့ ရောင်စုံမိုးပျံဘူဖေါင်းလေးတွေကို
ငေးရီရင်း
ဘဝမှာ ဘာမှမည်မည်ရရ
မဖြစ်ချင်တော့တာ ကြာပါပြီ … … …
၂။
ညီမလေးရေ
အရှုံးဆိုတာ သေချာတဲ့ ညှော်သည် ဆိုရင်တောင်
မိုးလင်းပေါက် စောင့်ခဲ့ရတဲ့
ညတွေ များခဲ့ပြီ
ခေတ်ကြီးကိုက သွေးဆိုးလွန်းလှတယ် … … …
၃။
နွေဦးပေါက်ရင်
နှင့်အပ်ချုပ်ဆိုင်လေးရှိရာ
ပြန်လာဖို့ မျှော်လင့်ရင်း
တစ်နှစ်ချင်း
တို့တွေဝေးခဲ့ကြတယ် … … ဝေးခဲ့ကြတယ်။

(၂၈–၁–၂၀၀၈ ရက်နေ့တွင်ကျရောက်သော ညီမငယ်၏မွေးနေ့သို့)

မိုးစဲနေ
၂၀–၁–၂၀၀၈